GW Generation Wave

မျိုးဆက်သစ်လူငယ်များ

ရက်စွဲ ဖေဖော်ဝါရီလ ၁၇ရက် ၂၀၁၅ ခုနှစ်

သို့ ဦးသိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ ။ ပညာရေးဥပဒေပြင်ဆင်ရေးအတွက် သပိတ်မှောက်နေသောကျောင်းသားများအားအားပေးကူညီပါရန်

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ Generation Wave မှ နိုင်ငံတော်သမ္မတအား တင်ပြလိုသည်များ ရှိပါသည်။

ဆယ်စုနှစ်ငါးခုကျော်ကြာ မားယွင်းခဲ့သော အုပ်ချုပ်ရေးစနစ်များနှင့် ပြည်တွင်းစစ်ပွဲများကြားတွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ နိမ့်ကျယိုယွင်းခဲ့ရပြီး အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင်ပင် များစွာနောက်ကျကျန်နေခဲ့ပြီကို နိုင်ငံတော်သမ္မတကိုယ်တိုင် သိနားလည်ပြီးဖြစ်သည်ဟုယူဆပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရမှလည်း ခေတ်မီတိုးတက်သော ပညာရေးစနစ်တရပ်ဖြစ်ပေါ်လာရေးအတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန် ကြိုးစားဆောင်ရွက်နေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရပါသည်။

သို့ရာတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် လမ်းညွှန်ခဲ့သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အစိုးရ၊ နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်သွားကြရန်ဆိုသည့်အချက်ကို ယခုအငြင်းပွားနေရသော အမျိုးသားပညာရေးဥပဒေရေးဆွဲစဉ်က ပီပြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပါ။

ကျောင်းသားကျောင်းသူများအနေဖြင့် အဆိုပါ ပညာရေးဥပဒေရေးဆွဲစဉ်က ၎င်းတို့၏အကြံဉာဏ်များကို အလေးဂရုပြုရယူမှုမရှိခဲ့ခြင်း အရပ်ဘက်အဖွဲ့အစည်းများပေါင်းစုဖွဲ့စည်းထားသော NNER ၏ အကြံဉာဏ်များကို လျစ်လျူရှုခဲ့ခြင်းများကြောင့် အမျိုးသားပညာရေးဥပဒေ၏ အားနည်းချက်များကို နိုင်ငံတော်အစိုးရနှင့် ပြည်သူအများ သတိထားမိစေရန်နှင့် ပိုမိုကောင်းမွန်သော ပညာရေးစနစ်တရပ်ကို အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကျောင်းသားလူငယ်များ အတူတကွ ပြင်ဆင်ရေးဆွဲ ပြဌာန်းနိုင်ရေးအတွက် ဆန္ဒထုတ်ဖော် တောင်းဆိုနေကြခြင်းဖြစ်ပါသည်။

ထိုသို့ဆန္ဒထုတ်ဖော်တောင်းဆိုရာတွင် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းတက်ပျက်ကွက်ရခြင်း၊ ပူပြင်းသော ကာလတွင် ခရီးရှည်ချီတက်ရခြင်းကြောင့် ဖျားနာ နေမကောင်းဖြစ်ခြင်း၊ မိသားစုများကို ရက်ရှည်စွန့်ခွာ၍ ဖြစ်သလိုနေထိုင်စားသောက်ရခြင်း စသည်ဖြင့် အသက်အရွယ်နှင့် မလိုက်အောင် များစွာစွန့်လွှတ် အနစ်နာခံနေရပြီး ဖြစ်ပါသည်။
ယခုဆန္ဒထုတ်ဖော်တောင်းဆိုမှုများ အောင်မြင်ပြည့်မြောက်ခဲ့မည်ဆိုလျှင် အကျိုးရလဒ်များကိုခံစားရမည်မှာ ပြည်သူတရပ်လုံး အထူးသဖြင့် အနာဂတ်နိုင်ငံတော်ကြီးတခုလုံးဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရလျှင် ဒုက္ခခံစားရမည်မှာ စွန့်လွှတ်သူ ကျောင်းသားကျောင်းသူများ သာလျှင်ဖြစ်ကြောင်း ကိုလည်း ၎င်းတို့အနေဖြင့် ကောင်းစွာ သိရှိနားလည်ထားကြပြီးဖြစ်ပါသည်။

ဤကဲ့သို့ ပြည်သူတရပ်လုံးနှင့် နိုင်ငံတော်၏အနာဂတ်အတွက် မိမိအကျိုးကို စွန့်လွှတ်အနစ်နာခံပြီး ဆောင်ရွက်ဝံ့သော ကျောင်းသားလူငယ်များ၏ စိတ်ဓါတ်မှာ လေးစားအတုယူဖွယ်ဖြစ်ပြီး နိုင်ငံတော်သမ္မတ အနေဖြင့်လည်း တာဝန်သိတတ်သော တာဝန်ယူရဲသော ကျောင်းသား လူငယ်များကိုမွေးဖွားပိုင်ဆိုင်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူလိမ့်မည်ဟုမျှော်လင့်ပါသည်။

ယခုအခါ အစိုးရမှ ကျောင်းသူကျောင်းသားများ၏ အားထုတ်မှုကိုအသိအမှတ်ပြုပြီးဆောင်ရွက်လာမှုကြောင့် အစိုးရ၊ လွှတ်တော်၊ NNER နှင့် ကျောင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး၍ ပညာရေးဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေကြပြီဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့မြင်နေရပါသည်။

သို့ရာတွင် မအောင်မြင်ခဲ့သော နေပြည်တော် ပညာရေးဝန်ကြီးဌာနဆွေးနွေးပွဲရက်တွင် ကျောင်းသားနှင့် NNER ကိုယ်စားလှယ်များကို တည်းခိုဆောင်မရရှိအောင်နှောင့်ယှက်ခံရမှုများ၊ ဆွေးနွေးပွဲဝင်ခွင့်ကန့်သတ်၍ တဖက်သတ်ဖျက်သိမ်းရွှေ့ဆိုင်းခံရခြင်းများကြောင့် ကျောင်းသူကျောင်းသားများဘက်မှ အစိုးရကို အပြည့်အဝယုံကြည်ရန် စိုးရိမ်မှုများဖြစ်စေခဲ့ပါသည်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှထုတ်ပြန်နေသော ကြေညာချက်များ၊ လုံခြုံရေးတပ်ဖွဲ့များ၏ အသင့်ပြင်ဆင်အင်အားပြမှုများ၊ တာဝန်ရှိသူတချို့၏ ကျောင်းသားသပိတ်ကို သေးသိမ်စေသော အပြောအဆိုများကလည်း သပိတ်မှောက် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်သကဲ့သို့ ခံစားရစေပြီး ရည်မှန်းချက်ပန်းတိုင်ကို အပြည့်အဝရောက်ရှိ စိတ်ဒုံးဒုံးချနိုင်သည်အထိ ဆက်လက်ချီတက်စေရန်တွန်းအားများ ပိုမိုဖြစ်စေခဲ့ပါသည်။

အထူးသဖြင့် ရန်ကုန်တိုင်းအတွင်းသို့ မည်သည့်နည်းနှင့်မျှ အဝင်ခံမည်မဟုတ်ကြောင်း ရုပ်မြင်သံကြားမှ အကြိမ်ကြိမ် ကြေညာပြီး လုံခြုံရေးများ သိသိသာသာတင်းကျပ်နေမှုမှာလည်း များစွာ အနုတ်လက္ခဏာ ဆောင်နေပါသည်။

အစိုးရအနေဖြင့်လည်း သပိတ်မှောက်ကျောင်းသူကျောင်းသားများ ရန်ကုန်မြို့တွင်းဝင်ရောက်လာလျှင် အခြားအင်အားစုများနှင့်ပူးပေါင်းမိပြီး ရည်ရွယ်ချက် အကြောင်းအရာ ပြောင်းလဲသွားမည်လားဟု စိုးရိမ်ကောင်းစိုးရိမ်နိုင်သည်ကို နားလည်ပါသည်။

သို့သော် အရေးတကြီးသတိပြုရန်အချက်တခုမှာ အစိုးရအနေဖြင့် ယခုကျင်းပပြုလုပ်လျက်ရှိသော တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေပြီး ကျောင်းသားပြည်သူများ လိုလားသည့် ပညာရေးဥပဒေတရပ် အမြန်ဆုံး အမှန်တကယ်ပေါ်ပေါက်လာအောင် ကြိုးပမ်းနေသရွေ့ သပိတ်မှောက် ကျောင်းသားများအနေဖြင့် ပညာရေးရည်ရွယ်ချက်မှအပ အခြားကိစ္စရပ်များသို့ တဆင့်တက်ပြောင်းလဲ တောင်းဆိုမည့် လက္ခဏာများ လုံးဝမရှိခြင်းပင်ဖြစ်ပါသည်။ အခြားတဖက်တွင်လည်း သပိတ်မှောက် ကျောင်းသားကျောင်းသူများ ချီတက်လာရာလမ်းကြောင်းတလျှောက် လုံးတွင် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ငြိမ်းချမ်းစွာဖြင့် ချီတက်လာခြင်းဖြစ်ပြီး ပြည်သူများကလည်း လိုလိုလားလားဆီးကြိုအားပေးထောက်ခံနေကြသည်ကို နိုင်ငံတော်သမ္မတကိုယ်တိုင် ကြားသိပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။

ကျောင်းသားသပိတ်ကို ထောက်ခံအားပေးနေသူပြည်သူများအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်မည့် ပညာရေးစနစ်သစ်တရပ် ပေါ်ထွက်လာရေးအတွက်သာ အာရုံထားထောက်ခံနေကြခြင်းဖြစ်၍ အခြားကိစ္စရပ်များ ပါဝင်လာပြီး ကျောင်းသားများ၏ မူလလမ်းကြောင်း ပြောင်းလဲသွားခြင်းမရှိစေရန် တတပ်တအား ပါဝင်စောင့်ရှောက် နေကြသည်ကို မြင်တွေ့ရပါသည်။

ဤအခြေအနေတွင် အစိုးရအနေဖြင့် လုံခြုံရေးသတိလိုအပ်သည်ထက် ပိုကဲကာ ကြိုတင်ထိန်းချုပ်မှုများ တာဆီးပိတ်ပင်မှုများ မပြုလုပ်မိရန်မှာ အရေးကြီးသော အချက်တချက်ဟု ရှုသားစွာယူဆပါသည်။ ပညာရေးဥပဒေကိစ္စရပ်တခုတည်းအတွက် ငြိမ်းချမ်းစွာချီတက်နေသောကျောင်းသားများကို အစိုးရိမ်လွန်ကဲပြီး ပိတ်ပင်တားဆီးခြင်း၊ ဖမ်းဆီးအရေးယူခြင်းများပြုလုပ်မှုသာ အစိုးရအနေဖြင့် သပိတ်ကို ထောက်ခံပေးနေသော ပြည်သူလူထုကြီးနှင့် ထိပ်တိုက်တွေ့ပြီး မလိုလားအပ်သောအကျိုးဆက်များ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် တတိုင်းပြည်လုံး၏အကျိုးကိုရည်မျှော်ကိုးကာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်ကြောင်း မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

၁။ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများဖြင့် ကျောင်းသားပြည်သူများလိုလားသော ပညာရေးဥပဒေသစ်တရပ် အမြန်ဆုံးအတည်ပြုပြဌာန်းနိုင်ရေးကို အရှိန်မြှင့်ကြိုးပမ်းသွားပါရန်...

၂။ မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ပညာရေးဥပဒေသစ်တရပ် မပေါ်ပေါက်ခင်အထိ ဖွဲသတ္တိအပြည့်ဖြင့် အပင်ပန်းခံချီတက်နေသော သပိတ်မှောက်ကျောင်းသားကျောင်းသူများကို ကာကွယ်စောင့်ရှောက်သွားပါရန်...

၃။ ကျောင်းသားကျောင်းသူများအား မခံချင်စိတ်ဖြစ်ပေါ်စေ၍ အခြေအနေပိုမိုတင်းမာလာစေမည့် အပြုသဘောမဆောင်သော တိုက်ရိုက်(သို့မဟုတ်) ခြိမ်းခြောက်စကားများထုတ်ပြန်ပြောဆိုနေသူများကို အစိုးရမှ ထိန်းသိမ်းကွပ်ကဲသွားပါရန်

၄။ ကျောင်းသားများရန်ကုန်မြို့သို့ဝင်ရောက်လာမည်ဆိုပါက ငြိမ်းချမ်းလုံခြုံစွာချီတက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းစောင့်ရှောက်သွားပါရန်

၅။ ပညာရေးဥပဒေသစ်ရေးဆွဲပြဌာန်းပြီးပါက တာဝန်သိမှု တာဝန်ယူမှုအပြည့်ဖြင့် ရဲဝံ့စွာစွန့်စားတောင်းဆိုခဲ့ကြသော သပိတ်မှောက်ကျောင်းသားကျောင်းသူများကို ပြည်သူတရပ်လုံးနှင့်အတူ နိုင်ငံတော်အစိုးရမှဂုဏ်ပြုချီးမြှောက်သွားပါရန်
နိုင်ငံတော်အစိုးရအနေဖြင့် အထက်ပါအချက်များကို အလေးအနက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည် ဆိုပါက ၁၉၆၂ ခုနှစ်ကတည်းပျက်ယွင်းခဲ့သော အစိုးရနှင့်ကျောင်းသားများအကြားရှိ ယုံကြည်မှုနှင့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်မည့်အပြင် စစ်မှန်သောအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လက်တွေ့ကျသောခြေလှမ်းတရပ်ကို ပိုင်ပိုင်နိုင်နိုင် လှမ်းလျှောက်နိုင်လိမ့်မည်ဟု ရိုးသားစွာယုံကြည်စိတ်ဖြင့် အကြံပြုတိုက်တွန်းအပ်ပါသည်။

လုပ်ငန်းကော်မတီ၏တာဝန်လွှဲအပ်ချက်အရ

မိုယ်းသွေး
ဥက္ကဌ
Generation Wave

မိတ္တူကို...

ပြည်ထောင်စုလွှတ်တော်ဥက္ကဌ
အမျိုးသားလွှတ်တော်ဥက္ကဌ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနများ
ပညာရေးဝန်ကြီးဌာန
လွှတ်တော်အသီးသီးရှိပညာရေးဆိုင်ရာကော်မတီဥက္ကဌများ
နိုင်ငံလုံးဆိုင်ရာပညာရေးပြုပြင်ပြောင်းလဲရေးကွန်ရက် NNER
ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကော်မတီ